အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)
NATIONAL LEAGUE FOR DEMOCRACY (Liberated Area)

# အထူးထုတ်ပြန်ကြေညာချက်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) သည် ယနေ့မြန်မာနိုင်ငံတွင် ကျရောက်ခဲ့သော ဆိုက်ကလုံးမုန်တိုင်း နာဂစ်ကြောင့် မြန်မာပြည်သူအများအပြား သေဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံးနေကြောင်း ထိတ်လန့်စွာ သိရှိရပါသည်။ ဤသဘာဝ ဘေးအန္တရာယ်ကြောင့် အသက်၊ အိုးအိမ်၊ ပစ္စည်းများ ပျက်စီးဆုံးရှုံးရသည့်နည်းတူ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ၊ စီးပွားရေး လုပ်ငန်းများ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။

ပြည်သူလူထု၏ သဘာဝဘေးအန္တရာယ် ဆိုးဝါးစွာကြုံတွေ့နေရသည့် အခက်အခဲများမှ လွတ်မြောက်ရေးကူညီထောက်ပံ့ရန်၊ လူမှုဘဝများကို ပြန်လည်ပျိုးထောင်ရန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)မှ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ တိုင်းပြည်အစိုးရများအား တောင်းဆိုပါသည်။

(၁) လက်ရှိရင်ဆိုင်နေရသော သဘာဝဘေးအန္တရာယ်ကို အပြည်ပြည်ဆိုင်ရာမှ လူသားချင်းစာနာသော အထောက်အကူများ ဆောလျှင်စွာ ပေးပို့ကူညီရန် မေတ္တာရပ်ခံပါသည်။

(၂) အပြည်ပြည်ဆိုင်ရာမှ ပေးအပ်ကူညီသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒုက္ခတွေ့ကြုံနေရသော ပြည်သူများထံ မှန်မှန်ကန်ကန် ရောက်ရှိစေရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အပြည့်အဝထောက်ပံ့ကူညီသွားရန် အထူးလိုအပ်ပါသည်။

(၃) အပြည်ပြည်ဆိုင်ရာ အကူအညီများကို နအဖစစ်အုပ်စုအနေဖြင့် မှန်ကန်စွာကိုင်တွယ်ဆောင်ရွက်ရန်၊ ကိုယ်ကျိုးရှာခြင်း၊ နိုင်ငံရေးအကျိုးအမြတ်အတွက် ဆောင်ရွက်ခြင်းမပြုလုပ်ရန် သတိပေးလိုသည်။

(၄) နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများအား တိုက်ရိုက်အကူအညီရရှိစေရန် နည်းလမ်းများရှာဖွေသင့်ကြောင်း မေတ္တာရပ်ခံ အပ်ပါသည်။

မိမိတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အနေဖြင့်လည်း မြန်မာပြည်သူများ၏ လိုအပ်ချက်အတွက် လူသားချင်းစာနာသော အကူအညီများ အလျှင်အမြန်ရရှိရန် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရများနှင့် ဆက်လက် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်သည်။

ဗဟိုကော်မီတီ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)

ရက်စွဲ။ ။ မေလ (၃)ရက်၊ ၂၀၀၈ ခုနှစ်။

ဆက်သွယ်ရန် –

ဦးမြင့်စိုး (အတွင်းရေးမှူး) **+66 8 6204 6023**